# အခန်း ၅

# အစိုးရ၏တာဝန်

## နိုင်ငံတကာလုပ်ထုံးလုပ်နည်း
## အပိုင်း ၃ – နိုင်ငံတကာဥပဒေအောက် လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
## စာမျက်နှာ ၆၄-၇၃

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# သင်တန်းရည်မှန်းချက်များ

လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှအစိုးရတာဝန်ဖြစ်ပေါ်လာပုံကိုရှင်းပြခြင်း

လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ဖြစ်ပေါ်လာသည့်လူ့အခွင့်အရေးဥပဒေဆိုင်ရာ ပင်မအရင်းခံဖောက်ဖျက်ကျူးလွန်မှုနှင့် လုပ်ထုံးလုပ်နည်းဖောက်ဖျက်ကျူးလွန်မှုများကိုသတ်မှတ်ဖော်ပြခြင်း

အစိုးရ၏လုပ်ဆောင်ရန်တာဝန်ပျက်ကွက်ချိုးဖောက်မှုများကိုအတည်ပြုနိုင်မည့်အချက်များကို အသိအမှတ်ပြုခြင်း


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# အစိုးရတာဝန် ၏ရင်းမြစ်များနှင့် အဓိက လက္ခဏာများ

- နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွင်အစိုးရများလိုက်နာရမည့်တာဝန်များကိုလေးစားရန်၊ကာကွယ်ရန်နှင့်လိုက်နာဖြည့်ဆည်းရန်နိုင်ငံတကာဓလေ့ထုံးစံများဥပဒေအောက်ရှိလူ့အခွင့်အရေးပဋိညာဉ်များတွင်အခွင့်အရေးများကိုပြဌာန်းထားသည်

- လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှတဆင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေချိုးဖောက်မှုကိုဖြစ်စေနိုင်ပြီး ၄င်းတို့ကျူးလွန်မှုများသို့မဟုတ်ပျက်ကွက်မှု/ထိမ်ချန်မှုများအတွက် အစိုးရ၏ တာဝန်ယူမှုအထိဆက်စပ်သွားနိုင်သည်။

- အစိုးရ၏တာဝန်မှာ ရာဇဝတ်မှုသဘောမဟုတ်ပေ၊ ပဋိပက္ခ သို့မဟုတ် ငြိမ်းချမ်းနေသည့်အချိန်အတွင်းနှစ်ခုစလုံးတွင်ဖြစ်နိုင်သည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# အစိုးရတာဝန်၏အခြေခံအကြောင်းရင်း

ဖော်ပြပါအတွက်အစိုးရများတွင်တာဝန်ရှိသည်

- **အစိုးရအဖွဲ့များ**၏လုပ်ရပ်များသို့မဟုတ် ပျက်ကွက်မှု/ထိမ်ချန်မှုများ
- အစိုးရ**အာဏာဖြင့်၊ သဘောတူညီမှုဖြင့် သို့မဟုတ် ထောက်ခံမှု** ဖြင့် ဆောင်ရွက်နေသူများ၏လုပ်ရပ် သို့မဟုတ် ပျက်ကွက်မှု/ထိမ်ချန်မှုများ

Under their due diligence responsibility for ဂရုပြုစစ်ဆေးရနလုပ်ထုံးလုပ်နည်း်due diligence တာဝန်များ

- အစိုးရသိလျက် သို့မဟုတ်ယင်းလုပ်ရပ်များအကြောင်းကို သိသင့်ခဲ့သည့် **အစိုးရနှင့် အစိုးရမဟုတ်သူများ** ကျူးလွန်ဖောက်ဖျက်သည်ကို **ကြိုတင်တားဆီးရန်၊ကာကွယ်ရန် သို့မဟုတ် တုန့်ပြန်ရန်** ပျက်ကွက်ခြင်း



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# အစိုးရလိုက်နာရမည့်တာဝန်တို့မှာအဘယ်နည်း

အစိုးရတို့တွင်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်နှင့်၄င်းတို့ကိုမည်သို့တုန့်ပြန်သည်နှင့်ပတ်သက်၍ အောက်ပါအတိုင်းအကျဉ်းချုပ်ထားသည့်လိုက်နာရမည့် နိုင်ငံတကာတာဝန်များရှိသည်။

က။ ထိုလုပ်ရပ်ကိုယ်တိုင်နှင့်ဆက်စပ်နေခြင်း

၁။ ကြိုတင်ကာကွယ်ခြင်း

ခ။ တုန့်ပြန်မှုနှင့်ဆက်စပ်၍

၂. စုံစမ်းမေးမြန်းခြင်းနှင့် တာဝန်ရှိသူများကိုဖော်ထုတ်ခြင်း
၃. တာဝန်ရှိသူများကို တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း
၄. လုံလောက်သည့် ပြန်လည် ကုစား ပေး လျော်ရန်နည်းလမ်းများရှာဖွေခြင်း


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ကျူးလွန်သည့်လုပ်ရပ်နှင့်ဆက်စပ်နေသောအစိုးရ၏တာဝန်

အစိုးရတာဝန်ဖြစ်ပေါ်စေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူအမျိုးမျိုးကကျူးလွန်နိုင်သည်

| အစိုးရအရာရှိများ | အစိုးရမှငှားရမ်းထားသူများ သို့မဟုတ် ပူးပေါင်းဆောင်ရွက်သူများ | ပြည်သူ့စစ်အဖွဲ့များ သို့မဟုတ် အရပ်သားလူပုဂ္ဂိုလ်များ |
| --- | --- | --- |
| • စစ်တပ်<br>• ရဲ<br>• အခြားတရားဝင်အစိုးရဝန်ထမ်း | • ကိုယ်ပိုင်စစ်တပ်/အစိုးရမှငှားရမ်းထားသည့်လုံခြုံရေးယူရသူများ<br>• **အစိုးရအာဏာဖြင့်၊သဘောတူညီမှုဖြင့်သို့မဟုတ်ထောက်ခံမှုဖြင့်ဆောင်ရွက်နေသော**အခြားသူများ | •အကယ်၍စစ်တပ်/ရဲတို့ကအန္တရာယ်ကျရောက်နိုင်သည်ဟုသိထားသူများကိုကာကွယ်ရန်ပျက်ကွက်လျှင်<br>•သို့မဟုတ်နိုင်ငံ၏တရားစီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်းလူတို့ကိုကာကွယ်ရန်ဖြစ်သောအစိုးရ၏တာဝန်အရဂရုပြုစစ်ဆေးရနလုပ်ထုံး လုပ်နည်းdue diligenceပျက်ကွက်ခဲ့လျှင် |

© Institute for International Criminal Investigations 2018

# ၁.တားဆီးရန်တာဝန်

မုဒိမ်းကျင့်ခြင်းကဲ့သို့ ချိုးဖောက်မှုမှုကိုနိုင်ငံတကာစံနှုန်းများနှင့်အညီ **ပြစ်မှုဆိုင်ရာဥပဒေများတွင်ပြဋ္ဌာန်း**ရန်နှင့် ပြစ်မှုကြီးလေးသည့်အလိုက် ပြစ်ဒဏ်ပေးရန်

**နိုးကြားသိရှိလာစေရန်တိုးမြှင့်လုပ်ဆောင်ခြင်း**နှင့်**အခြားတွင်ကျယ်သည့် မီဒီယာကမ်ပိန်းများ လှုံ့ဆော်ခြင်း**(ဥပမာ- "လုံးဝသည်းမခံ" ဆိုသည့်လှုံ့ဆော်မှုများ၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှဆန့်ကျင်ရေးကိုနိုင်ငံ၏အထိမ်းအမှတ်ရက်အဖြစ်သတ်မှတ်ခြင်း၊ကာကွယ် တားဆီးရေးတွင်အမျိုးသားများ/ယောကျ်ားလေးများ ပါဝင်စေခြင်း

**သီးခြားလုပ်ငန်းဆိုင်ရာအုပ်စုများ ကိုလေ့ကျင့်သင်တန်း**ပေးခြင်း(စစ်တပ်၊ရဲ၊ဥပဒေအရာရှိများ၊တရားစီရင်ရေးအဖွဲ့များနှင့် ဆေးဝန်ထမ်းများ)

အုပ်ချုပ်ရေးဆိုင်ရာအစိုးရရုံးများနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် ကြီးလေးသောလူ့အခွင့်အရေးချိုးဖောက်မှုနှင့်ဆက်နွယ်နေသူများကိုထုတ်ပယ်ရန် **နောက်ကြောင်းစစ်ဆေးသည့်အစီအစဉ်များ**အကောင်အထည်ဖော်ရန်

စစ်တပ်ကကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် **အမိန့်အပေါ်တာဝန်ခံမှု** ကိုလေးစားလိုက်နာရန်နှင့် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရန်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ခ. တုန့်ပြန်မှုနှင့်ဆက်စပ်နေသောအစိုးရ တာဝန်

အစိုးရ၏တာဝန်ဖြစ်လာနိုင်သောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုအစိုးရမှတုန့်ပြန်ရာတွင်
တာဝန်ယူသည့်လုပ်ရပ်သို့မဟုတ်ပျက်ကွက်မှု/ထိမ်ချန်မှုများဥပမာများတွင်ပါဝင်သည့်

- အလုပ်မှနားသွားသူအစား ရှိပောင်းကိုစုံစမ်းမေးမြန်းရန် ပျက်ကွက်ခြင်း
- ထိရောက်သည့် စုံစမ်းမေးမြန်းခြင်းဆောင်ရွက်ရန်ပျက်ကွက်ခြင်း
- လွတ်လပ်မှုမရှိခြင်း
- လုံလောက်သည့်ကုစားမှုပေးရန်ပျက်ကွက်ခြင်း
- တရားရင်ဆိုင်နေသည့်အချိန်အတွင်း ပြန်လည်/ထပ်မံနစ်နာရခြင်း
- ကျန်းမာရေးစောင့်ရှောက်မှုမရခြင်း
- ကျူးလွန်ခံရသူများကို ပြန်လည် ကုစား ပေး လျော်မှုအစီအစဉ်တွင် ဖယ်ထုတ်ထားခြင်း
- မလုံလောက်သည့် ပြစ်ဒဏ်


*© Institute for International Criminal Investigations 2018*

# ၂.စုံစမ်းမေးမြန်းရန်တာဝန်

နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ CARSV စုံစမ်မေးမြန်းခြင်းတို့တွင်ဖြစ်သင့်သည်မှာ

| | |
|---|---|
| တိကျမြန်ဆန် | • အများပြည်သူယုံကြည်အားကိုးမှုဆက်ထိန်းသိမ်းထားနိုင်ရန် အာဏာပိုင်အဖွဲ့အစည်းများမေးမြန်းသည်ကို အရာရှိဟောင်းများ၏ မဆိုင်းမတွတိကျစွာဖြေကြားချက်ကမရှိမဖြစ်အရေးပါသည် |
| ထိရောက်/မချွင်းမချန နှံ့စပ်သေချာစွာ | • သက်သေအထောက်အထားခိုင်လုံရန်အာဏာပိုင်များဖွဲ့နပဲကြီးစွာ/နှံ့စပ်သေချာစွာဖြင့် ဖြစ်နိုင်သမျှ ကျိုးကြောင်းသင့်သည့်အဆင့်များဆောင်ရွက်ရမည် |
| လွတ်လပ်ခြင်း | • စုံစမ်းမေးမြန်းခြင်းကိုဆောင်ရွက်နေသူများသည်ရာထူးအဆင့်အားဖြင့်၄င်း၊လက်တွေ့သဘောအားဖြင့်၄င်း ပတ်သက်နေသူများ၏ သွယ်ဝိုက်လွှမ်းမိုးခြင်းမှ လွတ်လပ်မှုရှိရမည် |
| ဘက်မလိုက်ခြင်း | • ဘက်မလိုက်ခြင်းဆိုသည်မှာ စုံစမ်းမေးမြန်းနေသူများမှ ကြိုတင်မှန်းဆထားချက်မရှိခြင်း နှင့် အမှန်ကိုမစူးစမ်းဘဲတဖက်စောင်းနင်းကြိုတင်ကောက်ချက်ချခြင်းမရှိစေခြင်း၊ |


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ၃. တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ရန်တာဝန်

- အစိုးရများသည် သူတို့လိုက်နာရန်တာဝန်ဖြစ်သော CARSV အတွက် တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတာဝန်တို့အတွက်အဟန့်အတားဖြစ်လာနိုင်ချေရှိသမျှကိုဖယ်ရှားနိုင်သည့်နည်းများရှာဖွေကျင့်သုံးရမည်

- ညှင်းပန်းနှိပ်စက်မှု နှင့်မုဒိမ်းမှု အပါအဝင် ကြီးလေးသည့်လူ့အခွင့်အရေးချိုးဖောက်သူများသည်၊ သူတို့၏ရာဇဝတ်မှုဆိုင်ရာတာဝန်နှင့် ပြစ်ဒဏ်တို့မှ ခြွင်းချန်စေရန်အလို့ငှာချမှတ်သော၊ မည်သည့်လွတ်ငြိမ်းချမ်းသာခွင့်သို့မဟုတ် အလားတူပုံစံများ ၏အကျိုးကျေးဇူးခံစားနိုင်သူများမဖြစ်စေရ။ (လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်သည့် ကိစ္စ က အငြင်းပွားဖွယ်ဖြစ်သော်လည်း)

- ကာလစည်းကမ်းသတ်ခြင်းဆိုင်ရာပြဋ္ဌာန်းဥပဒေကို ရာဇဝတ်မှုဆိုင်ရာတရားစွဲဆိုခြင်းတွင် ကျင့်သုံး၍မရပါ။
- အကြမ်းဖက်မှုကိုကျူးလွန်သူများသည်သူ/သူမ၏အစိုးရအမိန့်ကြောင့်လည်းကောင်း၊အထက်လူကြီးအမိန့်ကြောင့်လည်းကောင်းကျူးလွန်ခဲ့ရခြင်းကြောင့်သူ/သူမသည်တာဝန်မှလွတ်ကင်းလိမ့်မည်မဟုတ်- ပြစ်ဒဏ်ပေါ့လျော့စေလိုမှုအခြေအနေဟုသုံးသပ်သည်

# ၄. လုံလောက်သည့် ပြန်လည် ကုစား ပေးလျော်မှုနည်းလမ်းများ ရှာဖွေခြင်းတာဝန်

အခန်း း ၆- ပြန်လည် ကုစား ပေး လျော်ခြင်း

- ပြစ်မှုများကိုကျူးလွန်သူများသည်အစိုးရမဟုတ်သူများဖြစ်လင့်ကစား CARSVသားကောင်အဖြစ် ကျူးလွန်ခံရသူများကို ကျား-မ gender အလေးထားသည့် နစ်နာမှုအတွက်အလျော်အစားအပါအဝင်လုံလောက်သည့် ပြန်လည် ကုစား ပေးလျော်ခြင်းပံ့ပိုးပေးရမည်။ ပါဝင်သည့်ကုစားခြင်းများမှာ -
  - ပြန်လည် ပေးအပ် ခြင်းRestitution
  - ပေးလျော်ခြင်း(ရုပ်ဝတ္ထုပစ္စည်းနှင့်ငွေကြေးမဟုတ်သည့်ထိခိုက်ပျက်စီးမှုအတွက်)
  - ပြန်လည်ထူထောင်ပေးခြင်း
  - ဂုဏ်သိက္ခာနှင့်နာမည်ဂုဏ်သတင်းပြန်လည်ထိန်းသိမ်းခြင်းအပါအဝင် ကျေနပ်နှစ်သိမ့်စေခြင်း၊ နှင့်
  - နောက်ထပ်မကျူးလွန်ရန်အာမခံခြင်းများ

- ပြန်လည် ကုစား ပေး လျော်မှုအစီအစဉ်ဆွဲရာတွင်အစကတည်းက ပင် ကျူးလွန်ခံရသူများကို ်ပါဝင်စေသင့်သည်

- ပြန်လည် ကုစား ပေး လျော်မှုဖြင့် ဘဝကိုပြောင်းလဲစေရန်ကြိုးစားသင့်သည်- ဥပမာ- အမျိုးသမီးများနှင့်အခြားကျူးလွန်ခံရသူများလူ့ဘောင်လောကတွင်တိုးတက်စေခြင်း သို့မဟုတ် လူမှု အသိုင်းအဝိုင်းအတွင်းဘဝရပ်တည်ချက်ခိုင်မာလာစေခြင်း


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ကျူးလွန်ခံရလျှင်ဘာဖြစ်ပါသလဲ

အခန်း ၃ – တာဝန်ခံမှုလမ်းကြောင်းများနှင့်ကုစားနည်းများ
အခန်း ၆ -နစ်နာမှုအတွက်ပြန်လည် ကုစား ပေး လျော်မှု

- အစိုးရများမှ နိုင်ငံတကာတွင်လိုက်နာရမည့်တာဝန်ကိုအကောင်အထည်ဖော်ခြင်းအားစောင့်ကြည့်သည့် လုပ်ထုံးလုပ်နည်းယန္တရားများကိုဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင် ချမှတ်ခဲ့သည်

- နိုင်ငံအဆင့်ကုစားနည်းများထိရောက်မှုမရှိလျှင်၊ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့်မုဒိမ်းကျင့်ခံရခြင်းအပါအဝင်လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက်တရားမျှတမှု၊အမှန်တရားနှင့်နစ်နာကြေးတို့ဖြည့်ဆည်းပေးရန်သင့်တော်သည့်လမ်းကြောင်းကို အချို့အခြေအနေများတွင် ဒေသတွင်းနှင့်နိုင်ငံတကာလုပ်ထုံးလုပ်နည်းယန္တရားတို့မှပေးနိုင်သည်။

> သင်နှင့်သက်ဆိုင်သည့်အကြောင်းအရာအတွက် မည်သည့် လူ့အခွင့်အရေးဆိုင်ရာယန္တရားက သင့်တော်မည်ကိုရှာဖွေသင့်သည်

# လူ့အခွင့်အရေးချိုးဖောက်သည့် အင်္ဂါရပ်များ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာများ ၇၀-၇၂
အခန်း ၂ – လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုနားလည်သဘောပေါက်ခြင်း
( ဃ ထိခိုက်မှု)
အခန်း ၄ – တဦးချင်း၏ပြစ်မှုဆိုင်ရာတာဝန်ရှိမှုနှင့် အခန်း ၆- နစ်နာမှုအတွက်ပြန်လည် ကုစား ပေး လျော်မှု
အပိုင်း ၁၀ - သက်သေခံအမျိုးအစားများ နှင့် နောက်ဆက်တွဲ ၁– သက်သေခံလေ့ကျင့်ခန်းစာအုပ်

လူ့အခွင့်အရေးချိုးဖောက်မှုအတွက်အစိုးရမှတာဝန်ယူတာဝန်ခံရန် ဥပဒေအင်္ဂါရပ်၂မျိုး
ကိုသင့်အနေဖြင့်သက်သေပြရန်လိုသည်

**မည်သည့်အခွင့်အရေးများချိုးဖောက်ခံရပါသလဲ?**
ဘာဖြစ်ခဲ့တာပါလဲ?

အခြေအနေအကြောင်းအရာကဘာလဲ?

+

**အစိုးရကမည်သို့တာဝန်ရှိပါသလဲ?**

**ထိခိုက်သည့် သက်သေသာဓက**
ကျူးလွန်ခံရသူအတွက် အကျိုးဆက်များကဘာတွေလဲ?



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# က. မည်သည့်အခွင့်အရေးများချိုးဖောက်ခံရပါသလဲ?

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊စာမျက်နှာ ၇၀-၇၁နှင့်နောက်ဆက်တွဲ၁ – သက်သေခံလေ့ကျင့်ခန်း လက်စွဲစာအုပ်

ပြစ်မှုထင်ရှားစေရန်သတင်းအချက်အလက်များစုဆောင်းရမည်

၁. လိင်ပိုင်းဆိုင်ရာ**အကြမ်းဖက်မှု့လုပ်ရပ်**တစ်ခုကျူးလွန်သည်

၂. ထိုလုပ်ရပ်ကြောင့် **တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပင်မအရင်းခံဖောက်ဖျက်ကျူးလွန်ခြင်း နှင့်/သို့မဟုတ် လုပ်ထုံးလုပ်နည်းဖောက်ဖျက်ခြင်း**ဖြစ်ပေါ်သည်

၃. ကျူးလွန်ခံရသူကို ရုပ်ပိုင်းဆိုင်ရာ၊စိတ်ပိုင်းဆိုင်ရာနှင့် လူမှု-စီးပွား **ထိခိုက်မှုဖြစ်စေ**သည်

လူ့အခွင့်အရေးဆိုင်ရာယန္တရားအမျိုးမျိုးတွင်သီးခြားကာကွယ်ရမည့်အခွင့်အရေးများနှင့် ဥပဒေဆိုင်ရာအင်္ဂါရပ်တို့လည်းကွဲပြားနိုင်သည်
ကျင့်သုံးနိုင်သည့် ဥပဒေမူဘောင်ကိုသင့်ရှာဖွေရန်ဖြစ်သည်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# က.မည်သည့်အခွင့်အရေးများချိုးဖောက်ခံရပါသလဲ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊စာမျက်နှာ ၇၀-၇၁နှင့်နောက်ဆက်တွဲ၁ – သက်သေခံလေ့ကျင့်ခန်း လက်စွဲစာအုပ ်

## ပင်မအရင်းခံဖောက်ဖျက်ကျူးလွန်ခြင်း

- ညှင်းပန်းနှိပ်စက်မှု/မတရားအနိုင့်အထက်ပြုခြင်းကိုတားမြစ်ခြင်း
- ခန္ဓာကိုယ်ခြေလက်အင်္ဂါပြည့်စုံစွာရှိနေခွင့်
- တကိုယ်ရေလုံခြုံခွင့်
- လွတ်လပ်ခွင့်၊အသက်ရှင်ခွင့်၊မိသားစုဘဝ နေထိုင်ခွင့်
- ကျန်းမာရေးကုသခွင့်၊ပညာသင်ခွင့်၊အလုပ်လုပ်ခွင့်
- ခွဲခြားနှိမ်ချဆက်ဆံမှုမရှိသည့် ပြန်လည် ကုစား ပေး လျော်မှု

## လုပ်ထုံးလုပ်နည်းဖောက်ဖျက်ကျူးလွန်ခြင်း

- တိကျမြန်ဆန်/ထိရောက်/လွတ်လပ်/ဘက်မလိုက်သည့်စုံစမ်းမေးမြန်းခွင့်
- ပြန်လည် ကုစား ပေး လျော်မှုအတွက် အချက်အလက်သိရှိခွင့်
- ပင်မအရင်းခံဥပဒေပါအခွင့်အရေးများ၏တရားစီရင်ပိုင်ခွင့်နှင့်ဆက်နေသည့်အခြားလုပ်ထုံးလုပ်နည်းတွင်ပါဝင်သောအင်္ဂါရပ်များ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# က.မည်သည့်အခွင့်အရေးများချိုးဖောက်ခံရပါသလဲ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊စာမျက်နှာ ၇၀-၇၂နှင့်နောက်ဆက်တွဲ၁ – သက်သေခံလေ့ကျင့်ခန်း လက်စွဲစာအုပ်

- ပဋိပက္ခအချိန်တွင်းမှာဖြစ်စေ ငြိမ်းချမ်းသည့်အချိန်တွင်ဖြစ်စေ နိုင်ငံတကာထုံးတမ်းဥပဒေ အရ ညှင်းပန်းနှိပ်စက်ခြင်းနှင့်အခြားအနိုင့်အထက်ပြုကျင့်ခြင်းတို့ကို လုံးဝတားမြစ်ထားသည်
- မုဒိမ်း - အစိုးရမှဖြစ်စေ အစိုးရမဟုတ်သူမှဖြစ်စေ ကိုယ်တိုင်က တားမြစ်ထားသည့်အနိုင့်အထက်ပြုခြင်းနှင့်ညီမျှသည့် ပြင်းထန်မှုအနိမ့်ဆုံးအဆင့် ကိုရောက်ရှိလျှင် အစိုးရ၏တားဆီးရန်နှင့်တုန့်ပြန်ရန်တာဝန်ဖြစ်လာသည်
- အစိုးရအဖွဲ့ သို့မဟုတ် အခွင့်အာဏာဖြင့်ဆောင်ရွက်နေသည့်လူပုဂ္ဂိုလ်များမှဖြစ်စေ၊အစိုးရသဘောတူညီမှုသို့မဟုတ်အစိုးရအထောက်အပံ့ရနေသူဖြစ်စေတို့မှကျူးလွန်လျှင် မုဒိမ်းနှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့ကို အထူးတလည်စိုးရိမ်ဖွယ်ကောင်းသည့် ညှင်းပန်းနှိပ်စက်သောပုံစံဟုစဉ်းစားသတ်မှတ်နိုင်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ. အစိုးရတွင်မည်သို့တာဝန်ရှိပါသလဲ?

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊စာမျက်နှာ ၇၁-၇၂နှင့်နောက်ဆက်တွဲ၁ – သက်သေခံလေ့ကျင့်ခန်း လက်စွဲစာအုပ်

အချက် ၁-၃ အပြင် အမှုတည်ဆောက်ရန် အချက်အလက်များစုဆောင်းသင့်သည်

၄. လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသို့မဟုတ်အခြားကျူးလွန်မှုများကိုအစိုးရနှင့်/သို့မဟုတ် အစိုးရမဟုတ်သူများ၏ အလားအလာရှိသည့်/ဖြစ်နိုင်ချေ လုပ်ရပ်များ သို့မဟုတ် ပျက်ကွက်မှု/ထိမ်ချန်မှုများ

၅.စုံစမ်းမေးမြန်းခြင်း၊တရားစွဲဆိုခြင်းနှင့်ပြစ်ဒဏ်ပေးခြင်း၊နှင့်ပြန်လည် ကုစား ပေးလျော်ခြင်းအပါအဝင်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ဆက်စပ်ချိုးဖောက်မှုများကိုတားဆီးရန်အစိုးရ၏**မဖြစ်မနေလိုက်နာရမည့်တာဝန်**ကိုအစိုးရကလိုက်နာခြင်းရှိမရှိ


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ခ. အစိုးရတွင်မည်သို့တာဝန်ရှိပါသလဲ?

အစိုးရ၏ မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့်တာဝန်ကို လိုက်နာမှုရှိ/မရှိ ရှာဖွေသင့်ရာတွင် အစိုးရအနေနှင့်

- ကျူးလွန်ခံရသူကိုကာကွယ်ရန်ရည်ရွယ်၍ သင့်တင့်သည့်နည်းလမ်းများချမှတ်လုပ်ဆောင်ပြီးပြီလား?
- တိကျမှန်ကန်မြန်ဆန်သည့် ပြစ်မှုဆိုင်ရာစုံစစ်းစစ်ဆေးခြင်းစတင်ဆောင်ရွက်ပြီလား
- အားသွန်ခွန်စိုက်စုံစမ်းမေးမြန်းခြင်းဆောင်ရွက်ပါသလား?
- အမှုအခြေအနေကိုကျူးလွန်ခံရသူများကိုပြောပါသလား?ထိရောက်သည့်ပါဝင်မှုမျိုးသူတို့ကိုခွင့်ပြုပါသလား?
- ပြစ်မှုကြီးလေးကြီးလေးမှုနှင့်အညီ မျှတသည့် ဆုံးဖြတ်ချက်ချမှတ်ပါသလား?
- လုံလောက်သည့်ပြန်လည် ကုစား ပေး လျော်မှုပေးပါသလား?
- လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားခြင်းဆိုင်ရာအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုရရန်ဆောင်ရွက်ပေးပါသလား?
- ကျူးလွန်ခံရသူကို ပညာ ရေး၊ အလုပ်ခွင်အပါအဝင် စသည်တို့၌ နှိမ်ချခွဲခြားဆက်ဆံခြင်းကိုတားဆီးရန်သို့မဟုတ် ဤသို့ဆက်ဆံခံရခြင်းကိုကုစားရန်နည်းလမ်းများရှိပါသလား?


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ.အစိုးရတွင်မည်သို့တာဝန်ရှိပါသလဲ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊စာမျက်နှာ ၇၁-၇၂နှင့်နောက်ဆက်တွဲ၁ – သက်သေခံလေ့ကျင့်ခန်းစာအုပ်လက်စွဲ

- အစိုးရက သူလိုက်နာရမည့်တာဝန်များကို ချိုးဖောက်ကြောင်း စွဲဆိုချက်ခိုင်မာ ရန်၊သင့်အနေနှင့်၊ အစိုးရသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားခဲ့ကြောင်းကိုသိရှိကြောင်း၊(ဥပမာ-မီဒီယာသတင်းများ၊ကုလသမဂ္ဂအစီရင်ခံစာများ၊စသည်ဖြင့်) နှင့် အစိုးရ၏တာဝန်များဖြစ်သည့် တားဆီးရန်နှင့် တုန့်ပြန်ရန်တို့ကို မလိုက်နာကြောင်း၊ သို့မဟုတ် အချိန်နှင့်တပြေးညီမဆောင်ရွက်ကြောင်းနှင့် အားသွန်ခွန်စိုက်မဆောင်ရွက်ကြောင်း စသည့်အချက်အလက်များကို စုဆောင်းရန်ကြိုးစားရမည်။

- အမှုခိုင်မာစေရန် သင့်အနေနှင့်စုဆောင်းသင့်သည့် သက်သေသာဓကများမှာ၊ ကျူးလွန်ခံရသူသည် စုံစမ်းမေးမြန်းသည့်အာဏာပိုင်အဖွဲ့အစည်းများသို့စုံစမ်းစစ်ဆေးနိုင်ရန် ဆက်သွယ်ခြင်း၊သတင်းပေးပို့ခြင်း စသည့် တရားမျှတရေးအတွက်ကြိုးတင်ဆောင်ရွက်ခဲ့ပါကြောင်း တို့လည်းဖြစ်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

## EXERCISE
## လေ့ကျင့်ခန်း

ဖြန့်ဝေပေးထားသည့်အမှုထဲမှအချက်အလက်ဆိုင်ရာအပိုင်းကိုဖတ်ရှုပြီးလျှင် အောက်ပါမေးခွန်းများကိုအုပ်စုတစုစီမှဖြေဆိုပါ။ပြီးလျှင်အုပ်စုထဲမှရွေးချယ်ထားသည့်ပုဂ္ဂိုလ်ကမိမိအုပ်စု၏အဖြေများကိုသင်တန်းတခုလုံးအတွက်တင်ပြပါ။

<u>အုပ်စု ၁</u>။ အကယ်၍သင်သည်အမှုကိုတိုင်ကြားသူ/လျှောက်ထားသူကိုကိုယ်စားပြုခဲ့လျှင် အစိုးရ၏တာဝန်ပါဝင်ပတ်သက်ခြင်းကိုမည်သို့ အခြေအတင်ဆွေး နွေးတင်ပြမည်နည်း? မည်သည့်တာဝန် ဝတ္တရားများ ချိုးဖောက်ခဲ့သည်ဟု စွဲဆိုမည်နည်း။

<u>အုပ်စု ၂</u>။ အကယ်၍သင်သည် ပြဿနာရပ်ကိုကိုင်တွယ်ရသောအရည်အချင်းပြည့်ဝသည့်နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်သူဖြစ်လျှင် တုန့်ပြန်သည့်အစိုးရကိုတာဝန်ခံစေမည်လား? ဟုတ်သည်ဆိုလျှင်မည်သည်ကိုအခြေခံပါသလဲ? မည်သည့်ပြန်လည် ကုစား ပေးလျော်မှု အစီအမံများ သင် ပြဋ္ဌာန်း ချမှတ်မည်နည်း။?


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*